Taunggyi - The Cherry Land

[illegible]

ကြာသက်န်း ရက်လုပ်ခြင်း

ကျွန်တော် ကြာယက်ကန်း အကြောင်းကို မနှစ်က တန်ဆောင်တိုင် ယက်ကန်းပြိုင်ပွဲတုန်းက တွေ့လိုက်လို့ နံနံပါးပါး မှတ်သားခွင့်ရလိုက်ပါတယ်.. ကြာယက်ကန်းက နဲနဲရှားပါးသွားပြီးဖြစ်လို့ Public ကို တွေ့မြင်ရအောင် မနှစ်က ကြာယက်ကန်းစဥ်တစ်ခု ပြိုင်ပွဲမှာ ဝင်ပြခဲ့ပါတယ်.. အဲ့ဒီတုန်းက ကျွန်တော် Camera ပိုးမဝင်လေးလို့ တတ်ပုံ ရိုက်ရကောင်းမှန်း မသိလိုက်လို့ အခု သေသေချာချာ မဖော်ပြလိုက်နိုင်တာ တကယ်နမြောမိတာပါပဲ.. ဒီနှစ်တော့ ကြာယက်ကန်း အကြောင်း စုံစုံcc မှတ်တမ်းတင်လိုက်ပါမယ်.. အခုကတော့ စုဆောင်းထားတဲ့ ဓာတ်ပုံလေး တချို့နဲ့ ကြာသက်န်းအကြောင်း အကျဥ်းလေး ပြောပြပါ့မယ်..

ကြာချည်ငင်ဖို့အတွက် အရိုးရှည်တဲ့ ကြာတစ်မျိုးက အရိုးကို ခူးယူရပါတယ်.. အဲ့ဒီ ကြာကတော့ ပဒုမ္မာကြာ Lotus ဖြစ်တယ်လို့ သိရပါတယ်.. အဲ့ ဒီကြာကလဲ နေရာတိုင်းမှာ စိုက်ပျိုးလို့ မရဘူးလို့ ပြောတာ မှတ်သားဖူးပါတယ်.. အဲ့ဒီကြာရိုးတွေကို ခူးယူပြီးရင် ဆေးကြောရပါတယ်..



ကြာရိုးတွေကို ကြာချည်ထုတ်တော့မယ်ဆိုရင် အရိုးတွေ ခြောက်မသွားအောင် ချည်ထုတ်နေတဲ့ အချိန် အတောအတွင်းမှာ အဝတ်ဆိုနဲ့ ပါတ်ထားရပါတယ်..



ကြာရိုးတွေကို ချည်ထုတ်တော့မယ်ဆိုရင် ကြာရိုး (၂)ချောင်း (၃)ချောင်းကို ပူးပြီးတော့ ဓါးနဲ့ အပိုင်းလေးတွေ ပိုင်းဖြတ်ပြီး ဆွဲလိုက်ပါတယ်..



အဲ့ဒီအချိန်မှာ ကြာမျှင်တွေ ထွက်လာပြီး စားပွဲပေါ်မှာ လက်နဲ့ လိမ့်ပြီး လိမ်ကျစ်ယူရပါတယ်.. တစ်ခါဖြတ်ရင် ကြာချည်မျှင် ၄လက်မလောက် ရပါတယ်.. အဲ့ဒီ ၄လက်မ ၄လက်မလောက်တွေကနေ ချည်မျှည်ရှည်ဖြစ်အောင် စုပြီး ချည်လုံးလုပ်ယူရပါတယ်..

အဲ့ဒါပြီးရင်တော့ အတော်အသင့် ရှည်လျားတဲ့ ချည်လုံးတွေ ရလာပြီး ယစ်ဘီးနဲ့ ချည်ငင်ယူပါတယ်.. ယက်ကန်းမှာ တင်ယက်နိုင်ဖို့ အတွက်ဖြစ်ပါတယ်.. အဲ့ဒီလို ချည်ကစ်ချောင်းရဖို့အတွက် ကြာရိုးပေါင်းများစွာကို အသုံးပြုရပါတယ်.. တော်တော်လေး စိတ်ရှည်စွာနဲ့ လုပ်ယူရတဲ့ နည်းပညာပဲ ကျွန်တော်လဲ အစက ထင်မိတာကတော့ ကြာရိုးကို အခြောက်ခံပြီးရတဲ့ ကြာရိုးခြောက်တွေကနေ အမျှင်ထုတ်ပြီး ယက်တာ အောက်မေ့တာ.. ကိုယ်တိုင် ကြာအစိုးအမျှင်ကနေ ထုတ်မှန်း သိရတော့မှ အံ့အားသင့်မိပါတယ်..

ကြာချည်ကို ယက်ဖို့ ယက်ကန်းကလဲ သီးသန့် Design နဲ့ လုပ်ထားရပါတယ်.. ရိုးရိုး ချည်ယက်ကန်းတွေကတော့ အရွယ်အစား ကြီးကြပါတယ်.. ကြာယက်ကန်းကတော့ ခပ်သေးသေးပဲဖြစ်ပါတယ်.. အဲ့ဒီ ယက်ကန်းမှာ ကြာချည်တွေကို တင်ပြီးတော့ လက်ရယ်ခြေထောက်ရယ်ကိုသုံးပြီး ချည်ပြင်ဖြစ်အောင် ယက်ယူရပါတယ်.. ကြာအမျှင်တွေက ရေကနေဖြစ်တာမို့ ချည်ယက်တဲ့နေရာမှာ ပြေအောင်လို့ ရေစွတ်ပြီးတော့မှ ယက်ရပါတယ်.. ပုံမှာလဲ ရစွတ်ထားလို့ စိုနေတာကို တွေ့ရမှာ ဖြစ်ပါတယ်.. အဲ့ဒီလို ရေမစွတ်ပေးရင် ချည်တွေ ကျိုးပြတ်ကုန်မှာ ဖြစ်ပါတယ်..

အဲ့ဒီလိုမျိုး ကြာချည်တွေကို ကြာယက်ကန်းမှာ တင်ပြီး ယက်လိုက်မယ်ဆိုရင်တော့ အဖိုးတန်တဲ့ ကြာသင်္ကန်းကို ရရှိမှာ ဖြစ်ပါတယ်.. ကြာရိုးကနေရတဲ့ ချည်က လုပ်ထားတဲ့အတွက် ကြာအထည်ဟာ ရိုးရိုးချည်သားတွေထက် အေးအေးမြမြလေး ရှိပါတယ်.. ဝတ်ဆင်တဲ့သူအတွက် ရာသီဥတု ဒါဏ်ခံနိုင်ရည် ရှိစေပါတယ်.. အဲ့ဒါကြောင့် အေးမြတဲ့ ဆောင်းကာလမှာ ဘုရားရှင်တွေကို ရည်စူးပြီး ကြာသင်္ကန်းတွေ ကပ်လှူပူဇော်ကြတာ ဖြစ်ပါတယ်..

ကြာသင်္ကန်းဟာ အဖိုးထိုက်တန်ပြီး ရှားပါတာကြောင့် ကိုယ်ယုံသင်္ကန်းအရွယ် ကို ဝတ်ခဲ့ပါတယ်.. အဲဒါကြောင့်ပဲ သင်္ကန်းစ ခပ်သေးသေး အရွယ်အစားတွေကို ပြုလုပ်လှူကြတာ ဖြစ်ပါတယ်.. လုပ်ရတာ အလွန်ပဲ လက်ဝင်ပြီး ခပ်ခပ်ခဲခဲ စိတ်ရှည်ရှည်နဲ့ လုပ်ထားရတာမို့ [illegible] ကြာချည်ထည်တွေ ၃၀၀၀၀၊ ၄၀၀၀၀ တန်ပါတယ်.. အင်းလေးကို ရောက်ရင်တော့ [illegible]ဘုရားမှာ ဝယ်လှူဖို့ အတွက် ကြာသင်္ကန်းစတွေကို အမြတ်တနိုး ဝယ်ယူကြပါတယ်.. တကယ့်ကို ရှားပါးပြီး အဖိုးတန်တဲ့ ကြာသင်္ကန်းပဲ ဖြစ်ပါတယ်..

အခုလောက်ဆိုရင်တော့ ကြာယက်ကန်းအကြောင်း အနည်းငယ် သိရှိသွားကြမယ်လို့ ထင်ပါတယ်.. အကျဉ်းသဘောလေး ဖြစ်သွားတဲ့အတွက်တော့ နားလည်ပေးနိုင်မယ်လို့ ထင်ပါတယ်..

ရဲမြန်မာ

yma အချိန် 10:24:00 PM

g+1 0

2 comments:

နေလင်း Wednesday, October 17, 2007 1:52:00 PM

ကိုရဲရေ...အရမ်းဗဟုသုတ ရပါတယ်...ဓာတ်ပုံလေးတွေကလည်း ကောင်းတယ်ဗျာ....အားပေးနေပါတယ်...

Reply

နှင်းနိုင်းစနေ Wednesday, October 17, 2007 3:45:00 PM

ကြာဖူး၊ ကြာပွင့်၊ ကြာရွက်၊ ကြာဥ (ကြာဥလို့ ခေါ်တာလား မသိဘူး)
အဲဒါတွေပဲ အသုံးဝင်တယ်ထင်နေတာ.. ကြာရိုးပါ အသုံးဝင်မှန်း
အခုမှပဲ သိတော့တယ်။
နွံ့မှာ ပွင့်တဲ့ ကြာဖြစ်ပေမဲ့ တစ်ပင်လုံး အသုံးဝင်တာပဲနော်..
ကျေးဇူးပါ ကိုရဲရေ... ဗဟုသုတ တော်တော်ရတယ်...
ဖြစ်နိုင်ရင် အင်းထဲ သွားပြီး အင်းထဲက ရှိသမျှ လူတွေမသိကြသေး
တဲ့ အရာတွေကို မျှဝေချင်တယ်။

Reply

Enter your comment...

Comment as: Google Account

Publish Preview